ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ – ၂၀၂၀)

(Village Development Project)

ဟိုခိုကျေးရွာအုပ်စု၊ ဂျာယန်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဂျာယန်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၀ခုနှစ်၊ အောက်တိုဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ဂျာယန်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	ဂျာယန်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လာ:ရှိုးမြို့နယ်	၇
	ဂျာယန်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏

ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

အောက်တိုဘာလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဂျာယန်ကျေးရွာ
လားရှိုးမြို့နယ်


ကျယန်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



ဂျာယန်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်

လ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါဆိုင်	ထွာသလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
☺ 😐 ☹	☹	😐	☺	☹	☺	☹	😐	😐	😐	☺	😐	😐
	$	$$	$$$	$	$$$	$	$$	$$	$$	$$$	$$$	$$
	—	—	မိုးကြဲ	ဝါပါးစိုက်	ဝါပါးစိုက်	ဥမင်းစိုက်	—	—	ဝါပါးရိတ်	ဝါးသိမ်း	နွမ်းသိမ်း	—
	ဆန်	ဆန်	အသစ်တစ်	ဆမျာ	ဆမျာ	ဆမျာ	ဆမျာ	ဆမျာ	အသက်သွင်	အသင်္ဘောင်	အသက်သွင်	ဆန်
	ရာသီမျာ	—	ငှက်ပျာ	တုတ်ကွေး	ငှက်မျာ	—	—	ကျသီမျာ	—	—	ဆုတောက်ပန	ရာသီမျာ
အိန္ဒိယ ကိုးပွား ဆောဂါကျဆောက်	—	—	အဖြစ်မှတ်ပိုး	—	ခွံ့ကိုဖျားပိုး	အဆစ်ပုတ်ပိုး	သီးပျံးဝါကပိုး	အုန်းပြုတ်ပိုး	—	—	—	—
	သင်္ကြန်အခါ	—	—	သင်္ကြန်းကပ်	—	—	မီးတွန်းပွဲ	ကထိန်ပွဲ	—	—	ဗုဒ္ဓဟူးပွဲ	—
သဘာဝဘေးအန္တရာယ်ကျဆောက်	—	ဒေသဓိက်	ဒေသဓိက်	မိုးကြိုး	—	—	—	—	—	—	—	—

ဂျာယန်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လားရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကျွန်မတို့ ဂျာယန်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊လားရှိုးမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး လားရှိုးမြို့နှင် (၃၉)မိုင်ခန့် ကွာဝေးပါသည်။ ဂျာယန်ကျေးရွာ၏ အရှေ့နှင့်တောင်ဘက်တွင် လယ်ကွင်းများ ရှိပြီး အနောက်နှင့်မြောက်ဖက်တို့တွင် ရေထွက်ဦး၊ တောတောင်နှင့် သစ်တောများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၈)ဧက၊ ယာမြေ/တောင်ယာမြေ(၆၁)ဧကနှင့် ဥယျာဉ်ခြံမြေ(၂)ဧက စုစုပေါင်း (၇၁)ဧက ရှိပါသည်။ အိမ်ခြံမြေ များတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျွန်မတို့ကျေးရွာအနီးတွင် ယခင်က ဆေးဘက်ဝင်အပင်များ အများအပြားပေါက်ရောက်သော်လည်း ယခုအချိန်တွင် လူဦးရေတိုးလာသည်နှင့်အမျှ သစ်ပင်ခုတ်လှဲမှု၊ ထင်းအသုံးပြုမှု များလာသောကြောင့် ယခုအချိန်တွင် ရှားပါးလာပါသည်။ သဘာဝတောတွင်းတိရိစ္ဆာန်များ မရှိပါ။ မြစ်၊ ချောင်း၊ လယ်ကွက်၊ ဥယျာဉ်ခြံမြေ၊ သစ်တော၊ ထင်းတောများရှိပါသည်။ ရွာ၏ နံဘေးမနီးမဝေးနေရာ၌လည်း ကျောက်ကြမ်း၊ သဲဖြူးတွင်း လည်း ရှိပါသည်။ ရွာသားများသည် ဤသဘာဝအရင်းအမြစ်များကို အသုံးပြုကြပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ပန်ကျယ်ကျေးရွာတွင် ရှမ်းလူမျိုးများ အများစု နေထိုင်ကြပါသည်။ အိမ်ထောင်စု (၆၀) အိမ် ရှိပြီး လူဦးရေစုစုပေါင်း(၃၃၁)ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၁၅၆)ယောက်၊ မ (၁၇၅)ယောက် စုစုပေါင်း(၂၅၁) ယောက် ရှိပါသည်။ နို့စို့အရွယ် ကလေး ကျား(၄)ယောက်၊ မ (၃)ယောက်၊ ၅နှစ်အောက် ကလေးငယ်မှာ ကျား(၁၃)ယောက်၊ မ(၁၁)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၄

)ယောက်၊ မ(၁၂)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၁၁)ယောက်၊ မ(၇) ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၁၂၃)ယောက်၊ မ (၁၄၀)ယောက်၊ သက်ကြီးရွယ်ကြီးတွင် ကျား(၁)ယောက်၊ မ (၂)ယောက်ရှိပါသည်။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ နို့စို့ကလေးများသည် တစ်လတစ်ကြိမ် ကာကွယ်ဆေးထိုးနှံမှုများ ရှိပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်း ကို စတင်တက်ရောက်ကြပါသည်။ အမျိုးသားများသည် စိုက်ပျိုးရာသီပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍လည်း နေ့စားလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်မတို့ကျေးရွာတွင်စပါးကိုအဓိကစီးပွားဖြစ် စိုက်ပျိုးကြပြီးအသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ စိုက်ပျိုးနိုင် သော မြေဧရိယာမှာ လယ်မြေ(၈)ဧက၊ ယာမြေ/တောင်ယာ မြေ (၆၁)ဧက၊ ဥယျာဉ်ခြံမြေ(၂)ဧက စုစုပေါင်း (၇၁)ဧကရှိပါသည်။ စိုက်ပျိုးရာတွင် မိုးရေကို အဓိကထားပြီး စိုက်ပျိုးခြင်းဖြစ်သောကြောင့် မိုးရာသီအချိန်၌သာ စပါးကို စိုက်ပျိုးကြပါသည်။ မြေဩဇာများ အဆမတန် သုံးစွဲမှုကြောင့် မြေဆီပျက်စီးမှု ခမ်းခြောက်မှုများ ရှိလာပါသည်။ တစ်ချို့အိမ်ထောင်စုများသည် စိုက်ပျိုးရေး အလုပ် နှင့်တင် ဝမ်းစာမလုံလောက်၍ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ နှင့် ထိုင်းနိုင်ငံသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ပြီး မိသားစုကို ဘဏ်မှ တဆင့် ငွေလွှဲပေးကြ ပါသည်။ တစ်ချို့အိမ်ထောင်စုများသည် စက်ချုပ်ခြင်း၊ ဈေးရောင်းခြင်း၊ ယာဉ်စက်ကိရိယာ ပြင်ခြင်းအလုပ်တို့ကိုလည်း လုပ်ကိုင်ကြပါသည်။

ကျွန်မတို့ ဂျာယန်ကျေးရွာ၏ (၂၃.၃၃%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက်ရှိသော အိမ်ထောင်စုသည်(၆၅.၀၀%) ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ် ရှိပါ သည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စုသည် (၁၀.၀၀%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ဧကမှ၁၂.၅ဧကကြားရှိသော အိမ်ထောင်စု သည် (၁.၆၇%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။

အဆင်ပြေသော အိမ်ထောင်စုများသည် ရွာတွင် အုတ်လုပ်ငန်းများနှင့် အခြားစီးပွားရေး အဖြစ် ကုန်စုံဆိုင်များ ဖွင့်ထားကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် လယ်၊ တောင်ယာ အဓိကလုပ်ကိုင်ကြပြီး (၅)ရက်တစ်ဈေး ဈေးနေ့တွင် ခြံထွက်သီးနှံများ ရောင်းကြသည်။ မပြေလည်သောအိမ်ထောင်စုများသည် တောင်ယာကို အဓိကလုပ်ကိုင်ပြီး

နေ့စားအင်္ဂါး လိုက်ကြသည်။ အလွန်မပြေလဲသော အိမ်ထောင်စုများသည် ကြံရာကျပန်း အလုပ်များ လုပ်ကိုင်ကြသည်။ အဓိက ပြဿနာမှာ ရွာတွင် မူးယစ်သားကောင် ပေါများခြင်း၊ အသိပညာဗဟုသုတ နည်းပါးခြင်း၊ ငွေကြေးခက်ခဲခြင်း၊ အလုပ်ကိုင်အခွင့်လမ်း မရှိခြင်းကြောင့် ဖြစ်သည်။

ကျွန်မတို့ ပန်ကျယ်ကျေးရွာတွင် နေ့စားအလုပ်သမားဌာနရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၅၀၀၀)မှ (၄၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၃၀၀၀)မှ အနည်းဆုံး(၂၅၀၀)ထိ ပေးရပါသည်။ **တစ်နိုင်တစ်ပိုင် လယ်ယာလုပ်ကိုင်သူများ၊ နေ့စားလုပ်ကိုင်သူများ၏ လုပ်ခလစာမှာ အလွန်နည်းကြောင်း တွေ့ရှိရပါသည်။ ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်းများအတွက် နေ့စားအလုပ်သမားဌာနရမ်းရာတွင်** ကျားတစ်ဦးလျှင် အများဆုံး(၁၀၀၀၀)မှ (၈၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး (၅၀၀၀) မှ အနည်းဆုံး(၃၀၀၀)ထိ ပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့ကျေးရွာတွင်
ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းနှင့်တောတောင်အတွင်းရှိ သစ်ပင်များကို ခုတ်ယူပြီး မီးသွေးများ ဖုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုမြင့်ပါသည်။ တောင်ကျရေကြောင့် ရံဖန်ရံခါရေကြီးမှုများရှိတတ်ပါသည်။ **သဘာဝဘေးအန္တရာယ် ကျရောက် မှု နည်းပါးကြောင်းတွေ့ရှိရပါသည်။** မိုးရာသီတွင် ကြိုတင်ကာကွယ်မှုများ မရှိခြင်း၊ ခြင်ထောင်ဖြင့် မအိပ်ခြင်းကြောင့် ဒွက်ဖျားရောဂါ ဖြစ်ပွားမှုအနည်းငယ် ခံစားရလေ့ ရှိပါသည်။ **ဆောင်းကုန်နွေဦးကာလတွင် တိရစ္ဆာန်ရောဂါကူးစက်ခံမှု များသည်။ မိုးရာသီတွင် အဆင်မပြေသော အိမ်ထောင်စုများသည် ကြိုတင်လုပ်အားခယူခြင်းဖြင့် ဝမ်းရေး ပြဿနာကို ဖြေရှင်းလေ့ရှိကြသည်။ နွေဦးကာလရောက်လျှင် အချို့မပြေလည်သော အိမ်ထောင်စုများသည် ထင်းခုတ် ရောင်းချခြင်း၊ မီးသွေးဖုတ်ရောင်းလေ့ရှိကြသည်။ ဤသို့လုပ်ကိုင်ခြင်းကြောင့် သစ်တော ပြုန်းတီးခြင်း အနည်းငယ်ရှိသည်။ အချို့သောနေရာများတွင် ကြိုးဝိုင်း၊ ထင်းမခုတ်ရနေရာ များ သတ်မှတ် ထားသောနေရာတွင်သာ ခုတ်လေ့ မရှိကြပေ။**

ကျန်းမာရေးဌာနမှ ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ ပိုးသတ်ဆေး များဖြန်းပေးခြင်းများကြောင့် ရောဂါဖြစ်ပွားမှုနည်းပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုကြောင့် လမ်းများချို့ခွက်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ကျေးရွာတွင် မြေနိမ့်ပိုင်း နေထိုင်သူများသည် မိုးရွာ၍ တောင်ကျရေများစီးဆင်းသည့်အချိန်တွင် သွားရောက် လုပ်ကိုင်စားသောက်ရန် ခက်ခဲသောကြောင့် ထိခိုက်လွယ်မှုမြင့်ပါသည်။ ကျေးရွာတွင် လက်လုပ်လက်စား

များသောကြောင့် လုပ်သားများထိခိုက်လွယ်မှုမြင့်ပါသည်။ စားဝတ်နေရေးအတွက် အခြားဒေသတို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသော်လည်း အလုပ်အာမခံချက် မရှိသောကြောင့် ထိခိုက်လွယ်မှု မြင့်ပါသည်။

ကျေးရွာတွင် လူငယ်များ ဆိုင်ကယ်ကို စည်းကမ်းမဲ့စွာ မောင်းနှင်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲခြင်းကြောင့် ထိခိုက်လွယ်မှုများဖြစ်တတ်သည်။ **ကျေးရွာရှိ လူငယ်များသည် အလုပ်ကိုင်ရှားပါးခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တို့ကြောင့်သော်လည်းကောင်း၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် ဆင်းရဲသား တောင်သူတို့သည် သီးနှံစျေးကွက်မရှိခြင်း၊ အလုပ်ကိုင် ရှားပါးခြင်းကြောင့် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများ ဖြစ်ပါသည်။**

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်မတို့ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၅)ဖွဲ့ရှိပါသည်။ ၎င်းတို့မှာ K.D.A ပြည်သူ့စစ်အဖွဲ့၊ **အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊** ဂေါပကအဖွဲ့တို့ဖြစ်ပါသည်။ **ကျေးရွာအတွင်းရှိ လူထုအဖွဲ့အစည်းများသည် အချင်းချင်းဆက်သွယ်မှု ရှိကြသည်။ ကျေးရွာအတွင်း လုံခြုံမှုရှိရန်အတွက် K.D.A ပြည်သူ့စစ်အဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့များက တာဝန်ယူကာကွယ်ပေး ကြသည်။ လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့များသည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ဘာသာရေးနှင့်ဆိုင်သော လုပ်ငန်းများတွင်လည်း အဖွဲ့အစည်းများအားလုံး ညှိနှိုင်းပါဝင်ဆောင်ရွက်ကြပါသည်။**

ဂျာယန်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်း(၄)ဖွဲ့ ရှိပါသည်။ ၎င်းတို့မှာ Archernova၊ UN၊ MARIE STOPES၊ **မေတ္တာဖောင်ဒေးရှင်း တို့ဖြစ်ပါသည်။ ရပ်ရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော ကူညီဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများဖြစ်ပါသည်။** မေတ္တာဖောင်ဒေးရှင်း၊ အာချီနိုဗာ၊ စိုပြေမြန်မာအဖွဲ့တို့နှင့် ချိတ်ဆက်၍ ရွာအတွက် ရေသွယ်တန်းမှု၊ ရပ်ရွာသန့်ရှင်းရေးအတွက် အမှိုက်ကန်၊ 'ပ'ဥ စိုက်ပျိုးခြင်းနှင့် အခြားသော မျိုးစေ့များကို ပေးဝေစိုက်ပျိုးစေသည်။ NGO **အဖွဲ့အစည်းများ ဝင်ရောက်မှုကြောင့် ပညာရေးနှင့်ပတ်သက်၍ အာဟာရတိုက်ကျွေးမှုအစီအစဉ်၊ ကျန်းမာရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်း၊ သားဆက်ခြားပစ္စည်းများ အခမဲ့ဝန်ဆောင်မှုပေးခြင်းများ ပြုလုပ်ပေးနေကြောင်း တွေ့ရပါသည်။ မေတ္တာအဖွဲ့အစည်းမှလဲ "ဝ" မျိုးဥမျိုးများ စိုက်ပျိုးရန်အတွက် "ဝ"ဥ မျိုးစေ့များ လာရောက်ခွဲဝေပေးကြပါသည်။**

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ ဂျာယန်ကျေးရွာတွင် စိုက်ပျိုးမြေကေပေါင်း(၇၁)ဧကရှိပြီး မစိုက်ပျိုးပဲ ထားသော မြေလွတ်မြေလပ်မရှိပါ။ **ဂျာယန်ကျေးရွာ၏ လယ်မြေ မြေဆီလွှာ အရည်အသွေး မှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် စပါးအထွက်နှုန်း ကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။**

ကျွန်မတို့ ဂျာယန်ကျေးရွာတွင် (၂၃.၃၃%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကအောက် ရှိသော အိမ်ထောင်စုသည် (၆၅.၀၀%)ခန့်ရှိပြီး ဆင်းရဲသားတောင်သူများဖြစ်၍ မြေယာအနည်းငယ် ရှိပါ သည်။ မြေပိုင်ဆိုင်မှု ၂.၅ဧကမှ ၅ဧကကြားရှိသော အိမ်ထောင်စုသည် (၁၀.၀၀ %)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေလုံလောက်မှုရှိပါသည်။ မြေပိုင်ဆိုင်မှု ၅ဧကမှ ၁၂.၅ဧကကြားရှိသော အိမ်ထောင်စုသည် (၁.၆၇%)ခန့်ရှိပြီး တောင်သူလတ်များဖြစ်၍ လယ်မြေပိုင်ဆိုင်မှုဧကများပါသည်။ **တောင်သူကြီးများမရှိဘဲ ဆင်းရဲသားတောင်သူ၊ တောင်သူငယ် နှင့် တောင်သူလတ်များသာ ရှိကြပါသည်။ မြေယာများ ထပ်မံတိုးချဲ့ရန် မြေနေရာ နည်းပါးသည်ကို တွေ့ရှိရပါသည်။**

ကျွန်မတို့ ဂျာယန်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးကိုလုပ်ကိုင်ရာတွင် မိုးကိုသာအားကိုး၍ စိုက်ပျိုးရပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ(၅၀)တင်း ထွက်ရှိပါသည်။စိုက်ပျိုးသည့်ကာလမှာ ဇွန်လမှ ဩဂုတ်လ အထိဖြစ်ပြီး အမြတ်ရရှိမှုမှာ နည်းပါသည်။ **သွင်းအားစုများဖြစ်သည့် မျိုးစေ့နှင့် မြေဩဇာများကို မိုင်းယော်ကျေးရွာသို့ အလွယ်တကူ သွားရောက် ဝယ်ယူနိုင်ပါသည်။ အမြတ်ရရှိနိုင်မှုမှာ သီးနှံစေ့းကွက်အလိုက် အတက်အကျပေါ် မူတည်၍ အမြတ်ရရှိကြပါသည်။ အများအားဖြင့်မှာ ထင်သလောက် အမြတ်မရရှိကြပေ။** ရွာသူရွာသားများသည်မိရိုးဖလာ လယ်လုပ်ငန်း၊ ခြံလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်။ အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေမရှိသလောက် ဖြစ်သည်။ မိသားစုစားဝတ်နေရေး အလွန်ခက်ခဲကြသည်။ အသက်မွေးဝမ်းကျောင်းပညာကိုလည်း မတတ်ကြပေ။ တစ်ချို့ရွာသားများက စေ့းရောင်းကြပြီး တစ်ချို့ကကြံရာကျပန်းနေ့စားအလုပ်လုပ်ကိုင်ကြသည်။ ပုံမှန်ဝင်ငွေရရှိနိုင်မည့် လုပ်ငန်းမရှိသောကြောင့် စီးပွားရေးအခြေအနေ မကောင်းကြပေ။ ကျေးရွာအတွင်းရှိ လယ်သမားများသည် တစ်ဦးချင်းပိုင် ထွန်စက်မရှိဘဲ လက်တွန်းထွန်စက် (၃၄)လုံး၊ မြက်ရိတ်စက်(၂)ခုရှိပြီး တစ်ချို့အိမ်ထောင်စုများသည် လိုအပ် သော စက်ကိရိယာများကို ငွေကြေး မတတ်နိုင်သည့်အတွက် အချင်းချင်း ထံတွင် ငှားရမ်း အသုံးပြုကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ငွေကြေးခက်ခဲမှုရှိခြင်း၊ သီးနှံမျိုးစေ့ကောင်းများ အလွယ်တကူ ဝယ်ယူနိုင်ခြင်း မရှိခြင်း၊ ဓာတ်မြေဩဇာများ အလွယ်တကူ ဝယ်ယူ

နိုင်ခြင်း မရှိခြင်း၊ ဓာတုပိုးသတ်ဆေးများ လွယ်ကူစွာမရှိနိုင်ခြင်း စသည့်အခက်အခဲများ ရှိပါသည်။ စိုက်ပျိုးသီးနှံများကို ရွာတွင်း စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ။ အဘယ်ကြောင့် ဆိုသော် ရွာတွင်းကုန်စည်ဒိုင် မရှိခြင်း၊ မြို့ပေါ်သို့သွားရောက်ရောင်းချနိုင်ရန်အတွက် အခက်အခဲများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်မတို့ရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါ ကျရောက်မှု အနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်းနည်းပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်မတို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၂)အိမ်ရှိပြီး နွားကောင်ရေ (၇)ကောင်၊ အိမ်ထောင်စု(၂)အိမ်မှ ကျွဲ(၁၂)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။ **ဂျာယန်ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းမှာ ကျွဲနှင့် နွားကို အဓိကထား မွေးမြူကြပါသည်။ စားကျက်မြေရှားသောကြောင့် များများ မွေးမြူခြင်းမရှိပါ။ ကြက်၊ ဝက် မွေးမြူကြသည်။ သို့သော် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းအဖြစ် မလုပ်နိုင်ချေ။ အဓိက ပြဿနာမှာ အရင်းအနှီးမရှိခြင်း၊ ငွေကြေးခက်ခဲမှု၊ မွေးမြူရေးဆိုင်ရာ အသိပညာ အားနည်း သောကြောင့် ဖြစ်သည်။**

ကျွန်မတို့ရွာတွင် မွေးမြူရေး လုပ်ကိုင်ရန် အလားအလာအမြောက်အမြား ရှိပါသည်။ စိမ့်စမ်းရေများရှိခြင်းကြောင့် ရေအလုံအလောက်ရှိပါသည်။ မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့် ဝယ်ယူရရှိနိုင်ပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် ချေးငွေအသင့်အတင့်ရနိုင်ပြီး အစာ၊ ဆေးများ ကိုလည်း နီးစပ်ရာ စျေးကွက်တွင် ဝယ်ယူနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ရှိသောကြောင့် ထုတ်ကုန်များကို ရောင်းချနိုင်ပါသည်။ မွေးမြူရေးလုပ်ရန် အိမ်ခြံမြေအတွင်း မြေနေရာ အသင့်အတင့်ရှိပါသည်။ ရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် စားကျက်မြေရှားပါး ပါသည်။ ကျွန်မတို့ ရွာသည် မွေးမြူရေး အတတ်ပညာ၊ အသိပညာ ဝန်ဆောင်မှုများ မရပါ။ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု များရရှိလျှင် ကျွန်မတို့ရွာအတွက် အလွန်အဆင်ပြေပြီး ရွာသူ/ရွာသားများအတွက် အလုပ်အကိုင်ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြား ဖြင့် ရပ်ဝေးသို့ သွားရောက်၍ စီးပွားရှာစရာမလိုတော့ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်မတို့ ဂျာယန်ကျေးရွာ၌ စိုက်ပျိုးရာသီပြီးချိန်တွင် ရွာတွင်း၌ ပန်းရံ၊ လက်သမား လုပ်ငန်းများ အခြားဒေသများသို့ တောင်ယာအဌားလိုက်၊ လယ်စိုက်၊ လယ်သိမ်းလုပ်ငန်းများ ၌ တောင်ယာနေ့စား အလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်

ကျေးလက်ဦးစီးဌာနမှ အရစ်ကျစနစ် ဖြင့် ရရှိထားသော ဆိုလာမီးများကို အသုံးပြုကြပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း များကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။ **ကျေးရွာလူထုများသည် စျေးကွက်အခြေအနေကို ကောင်းစွာနားမလည် သောကြောင့် နည်းပညာနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ အထူးလိုအပ်သည်။ ချေးငွေများကို လိုသလောက် အလွယ်တကူ မရနိုင်ပါ။ ချေးယူပါက ရက်တို ချေးငွေအနည်းအကျဉ်းသာ ရနိုင်သည်။ ကျေးရွာအတွင်း လက်ရှိရေအားလျှပ်စစ်မီး အသုံးပြုလျက်ရှိသော်လည်း ရေအားမလုံလောက် သောကြောင့် ရွာတွင် မီးပုံမှန်အသုံးပြုနိုင်ခြင်း မရှိချေ။ ရွာတွင်း အလုပ်အကိုင် အခွင့်အလမ်းမရှိ သောကြောင့်သော်လည်းကောင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အသက်မွေးဝမ်းကျောင်း ပြုနိုင်သော ပညာရပ်များကို ငွေချေးခက်ခဲမှုကြောင့်သေည်လည်းကောင်း သင်ယူတတ်မြောက် နိုင်ခြင်း မရှိပေ။ ထို့ကြောင့်ကျေးရွာအတွင်း အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်း နိုင်သော ပညာရပ်များ သင်ယူနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးနိုင်ရန်** လိုအပ်လျက်ရှိသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်မတို့ကျေးရွာရှိ တောင်သူလယ်သမားအများစုသည် ငွေချေးပေးသူများထံတွင် အတိုးနှုန်း ၃%ဖြင့် ချေးငွေရယူကြပါသည်။ ချေးငွေများကို (၆)လမှ တစ်နှစ်အတွင်း ပြန်၍ဆပ်ရပါသည်။ ထို့အပြင် ကျွန်မတို့ရွာတွင် အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်ဖြစ်သော မေတ္တာစက်ဝန်းထံတွင်လည်း အတိုးနှုန်း ၂.၅%ဖြင့် ချေးယူကြရပါသည်။ ချေးငွေကို ချေးယူ ရာတွင် အပေါင်ခံပစ္စည်းမလိုအပ်ပါ။ သို့သော်လည်း ချေးငွေများကို လိုအပ်သည့်အချိန်တွင် လိုချင်သလောက်မရပါ။ ကျွန်မတို့ရွာ၏ အဓိကပြဿနာမှာ အတိုးနှုန်းများသောကြောင့် တောင်ယာလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အလွန်ပင် အခက်အခဲရှိပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်မတို့ကျေးရွာတွင် မော်တော်ဆိုင်ကယ်(၅၀)စီး၊ ထော်လာကျီ(၅)စီးနှင့်ကား(၁၁)စီး၊ နွားလှည်း(၂)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုကြပါသည်။ **မော်တော် ဆိုင်ကယ်အသုံးပြုသူ များပြားသဖြင့် ပို့ဆောင်သယ်ယူရေး အနည်းငယ် အဆင်ပြေသော်လည်း အခက်အခဲရှိကြောင်းတွေ့ရပါသည်။ ကား၊ ထော်လာကျီပိုင်ဆိုင်သူ ဦးရေမှာ အနည်းငယ်သာ ဖြစ် သောကြောင့် ပစ္စည်းသယ်ယူပို့ဆောင်ရာတွင် အခကြေးငွေ ကြီးစွာပေး၍ မိမိလုပ်ငန်းအဆင်ပြေ ချောမွေ့အောင် တောင်ရွက်နေရကြောင်း တွေ့ရပါ**

သည်။

ဂျာယန်ကျေးရွာတွင် တိုက်နယ်ရုံး၊ စျေး၊ ဆေးပေးခန်း၊ K.D.A စစ်တပ်နှင့်လူနေအဆောက်အဦများရှိပါသည်။ K.D.A ပြည်သူ့စစ်မှ ကူညီပံ့ပိုးခင်းထားပေးသော ကျောက်ကြမ်းချောလမ်းနှင့်တံတားများလည်းရှိပါသည်။ ပြေလည်သော မိသားစုအနည်းပိုင်းသာ အုတ်စီ၊ သွပ်မိုးအိမ်တွင် နေထိုင်ကြပြီး အများစုမှာမူ ဝါးထရံကာ၊ သက်ကယ်မိုးဖြင့်သာ နေထိုင်ကြသည်။ ရာသီမရွေးသွားလာနိုင်သော ရွာဖြစ်သည်။ကျွန်မတို့ကျေးရွာတွင် မြစ်များ၊ ချောင်းများမရှိသောကြောင့် မည်သည့် တံတားအမျိုးအစားမှ အသုံးပြုခြင်းမရှိပါ။ ရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်း မရှိပါသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်မတို့ကျေးရွာတွင် လားရှိုးမြို့နယ်ကျေးလက်ဦးစီးဌာနမှ **အရစ်ကျငွေချေငွေ စနစ်ဖြင့်** တပ်ဆင်**ပေးထားသော ဆိုလာနှင့် ဒေသခံပြည်သူ့စစ်အဖွဲ့အစည်းမှ တပ်ဆင်ပေးထားသော အသေးစားရေအားလျှပ်စစ်တို့ရှိပါသည်။ အကယ်၍ မဟာဓာတ်အားလိုင်းကြီး ရှိ မည်ဆိုပါက ဒေသဖွံ့ဖြိုးရေးအတွက်များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။**

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ဂျာယန်ကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၄၂)လုံး၊ ရေဒီယို(၂)လုံး၊ တီဗွီ(၂၉)လုံး၊ ဂြိုလ်တုစလောင်း(၂၇)လုံးတို့ မှ ရရှိနေပြီး ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၇။ ပညာရေး

စာသင်ကျောင်းသည် အထက်တန်း(ခွဲ)ဖြစ်ပြီး **စာသင်ကျောင်း၏ အမိုး၊ နံရံ၊ အခင်းသည် အရည်အသွေး အသင့်အတင့်ကောင်းမွန်** ပါသည်။ စာသင်ကျောင်းသည် ၁မိုင်ခန့် ကွာဝေးပြီး ခြေလျင်၊ ဆိုင်ကယ်ဖြင့် ကျောင်းသွားလေ့ရှိပါသည်။ **အမိုး၊ နံရံ၊ အခင်းသည် အရည်အသွေး အသင့်အတင့် ကောင်းမွန်ပြီး** ကျောင်းသုံး ပရိဘောဂသည်လည်း လုံလောက်မှုမရှိပါ။ကျောင်းအိမ်သာသည်လည်း ယင်လုံအိမ်သာ ဖြစ်သောကြောင့် ကျောင်း၏ ကလေးများကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။

ကျွန်မတို့ကျေးရွာတွင် စာမတတ်သူဦးရေ ကျား(၁၃)ဦးနှင့် မ(၁၂)ဦးရှိပါသည်။ မူလတန်းအဆင့်ရှိသူ ဦးရေမှာ ကျား(၂၁)ဦးနှင့် မ(၄၄)ဦးရှိပြီး အလယ်တန်းအဆင့်ရှိသူဦးရေမှာ ကျား(၅၆)ဦးနှင့် မ(၄၇)ဦးရှိပါသည်။ အထက်တန်းအဆင့်ရှိသူဦးရေမှာ ကျား(၃၉)ဦးနှင့် မ(၄၁)ဦးရှိပြီး တက္ကသိုလ်၊ ကောလိပ် အဆင့်ရှိသူဦးရေမှာ ကျား(၁၀)ဦးနှင့် မ(၁၇)ဦးရှိပါသည်။ **အလယ်တန်းထိ ကျောင်းပြီးဆုံး**

သူဦးရေများသော်လည်း အတက်တန်းသို့ တက်ရောက်သူဦးရေနည်းပါးပါသည်။ စာရေးတတ်ဖတ်တတ် သူဦးရေ များပြားပြီး စာလုံးဝ မတတ်သူဦးရေ အနည်းငယ်သာရှိကြောင်း တွေ့ရသည်။

ရွာတွင် လက်ရှိမူလတန်းတက်ရောက်နေသော ကျား(၄)ဦးနှင့် မ(၁၃)ဦး၊ အလယ်တန်း တက်ရောက်နေသော ကျား(၄)ဦးနှင့် မ(၄)ဦး၊ အထက်တန်းတက်ရောက်နေသော ကျား(၈)ဦးနှင့် မ (၅)ဦး၊ တက္ကသိုလ်၊ ကောလိပ်တက်ရောက်နေသူကျား(၂)ဦးနှင့်မ(၂)ဦးတို့ရှိပါသည်။ ကျောင်းအာဟာရ တိုက်ကျွေးမှုမှာလည်း ကျောင်းမှ တိုက်ကျွေးသော အာဟာရသာရှိပါသည်။ ကျောင်း **အထက်တန်းကျောင်း (ခွဲ) ဟုတ်သော်လည်း ဆရာ/မ လုံလောက်မှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် မသန်စွမ်းသူများအတွက် အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှု မရှိသေးကြောင်းနှင့် ကျောင်းအားကစားပစ္စည်း အလွန်နည်းပါးခြင်း၊ ဆင်းရဲမှုကြောင့် မူလတန်းကျောင်း ထွက်သူများ လည်းရှိကြောင်း တွေ့ရသည်။**

ကျွန်မတို့ကျေးရွာတွင် (၆)နှစ်ပြည့်လျှင် မူလတန်း အဆင့်ပညာကို အိမ်တိုင်းရှိ ကလေးများ အားလုံးသင်ယူနိုင်ပါသည်။ မူလတန်းမှ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်ပညာကို သင်ယူရန် မြို့ပေါ်သို့ တက်ရောက်ကြရပါသည်။ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် အများအားဖြင့် အလယ်တန်းပညာနှင့် အထက်တန်းပညာ၊ တက္ကသိုလ်၊ ကောလိပ်ကို သင်ကြားရန် ညီကိုမောင်နှမ များခြင်း၊ မြို့ပေါ်၌ အသိဆွေမျိုးများမရှိခြင်း၊ နေစာရာ အိမ် များ မရှိခြင်း၊ တချို့မိဘများသည် နေ့စားအလုပ်နှင့်မိသားစုကို ကျွေးမွေးပြုစုရသောကြောင့် ကလေးအတွက် ကျောင်းစရိတ်ကို လုံလောက် စွာမပေးနိုင်ခြင်းများကြောင့် ကောလိပ်များသို့ တက်ရောက်နိုင်သူ နည်းပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့ရွာတွင် သွေးတိုးရောဂါသည် အဖြစ်အများဆုံးသောရောဂါဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဌက်ဖျားရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါတို့မှာ အဖြစ်နည်းကြပါသည်။ HIV,AIDS, လိင်မှ တစ်ဆင့် ကူးစက်နိုင်သော ရောဂါများ မရှိပါ။

ကျွန်မတို့ ဂျာယန်ကျေးရွာသည် ရောဂါကာကွယ်ရန်အတွက် ကာကွယ်ဆေးကို ပုံမှန် ထိုးနှံ ကြပါသည်။ အဆုတ်ရောဂါ၊ ပိုလီယိုရောဂါ၊ မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း)၊ ဝက်သက် ရောဂါကာကွယ်ဆေးတို့ကို ဆေးခန်းတွင် ပုံမှန်သွားရောက်ထိုးနှံကြပါသည်။ အခြား စုပေါင်းကာကွယ် ဆေးထိုးမှုနှင့် အာဟာရမှတ်တမ်းယူမှု ဥပမာ-အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်တို့ကိုလည်း လုပ်ကြပါသည်။ သို့သော် ကျွန်မတို့ရွာတွင် ပညာပေး အစီအစဉ် မရှိပါ။

ကျန်းမာရေး အသိပညာဗဟုသုတအားနည်းခြင်း၊ အစာကိုဆင်ခြင်စားသုံးခြင်း မရှိခြင်းကြောင့် သွေးတိုးရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ ရာသီအလိုက် ဖြစ်တတ်သော ဝမ်းပျက်ဝမ်းလျှော

ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားတတ်ပါသည်။ ကြိုတင်ကာကွယ်ခြင်း များ မရှိသောကြောင့် ဌက်ဖျားရောဂါဖြစ်ပွားမှုများလည်း ရှိပါသည်။ စိုပြေမြန်မာအဖွဲ့မှလည်း ယင်လုံအိမ်သာ စနစ်တကျ အသုံးပြုတတ်ရန် လာရောက်သင်ကြားပေးပါသည်။ ရွာသားများသည် ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါးမရှိသော်လည်းကျန်းမာရေးဗဟုသုတအလွန်နည်းပါးနေသေးသည်။

ကျွန်မတို့ကျေးရွာသည် နွေရာသီတွင် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးထားပါသည်။ စိမ့်စမ်းရေသွယ်ပြီး သုံးစွဲလျှက်ရှိပါသည်။ ကျွန်မတို့ ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲ ကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဂျာယန်ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန် တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါ သည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တော သစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်း မရှိပါ။ ရွာတွင် ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ ရွာသည် သဘာဝ သစ်ပင်များကို ထိန်းသိမ်းသဖြင့် ရေသည် မခမ်းခြောက်ပဲ တစ်နှစ်ပတ်လုံး အသုံးပြု နိုင်ပါသည်။ ဂျာယန်ရွာသည် တောင်များ ပတ်လည်ဝိုင်းရံသော မြေပြန့်ဒေသငယ် ဒေသ(၁)ခု ဖြစ် သောကြောင့် ဘေးအန္တရာယ်ကျရောက်မှုနည်းပါးသည်။ မိုးဆက်တိုက် ရွာသွန်းသော ရာသီတွင် မြေပြိုမှု၊ ရေကြီးမှုများ တခါတရံဖြစ်ပွားသည်။ လေတိုက်ပြင်းထန်ခြင်းသာရှိပြီး မုန်တိုင်းကျရောက် တိုက်ခတ်ခြင်းမရှိသလောက်ဖြစ်သည်။ ထင်းခုတ်၊ သစ်ပင်ခုတ်ခြင်းများကိုလည်း ရွာသူကြီးများက ကြပ်မတ်ပေးကြပြီး သစ်တောထိန်းသိမ်းခြင်းကိုလည်းညွှန်ကြားကာ သစ်ပင်များ ပြုန်းတီးမှု မရှိ အောင် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ခြင်းမျိုးလည်းရှိပါသည်။လမ်းများတွင် အမှိုက်စွန့်ပစ်ရန် ပုံးများ၊ အမှိုက်ထည့်သည့် အိတ်မရှိသဖြင့် လမ်းများတွင် အမှိုက်စ အလွန်များ ပါသည်။ အချို့အိမ်များသည် အမှိုက်များကို စနစ်တကျ မီးရှို့ ဖျက်ဆီးကြပါသည်။ အမှိုက် များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးဦးရေကအမျိုးသားဦးရေထက်ပိုများပါသည်။ ရပ်ရေးရွာရေးကိစ္စများတွင်လည်း အမျိုးသမီးများလည်း အမျိုးသားများနည်းတူ ပါဝင်လုပ်ဆောင် ကြသည်။ နေ့စား၊ လုပ်အားခမှာ အမျိုးသားများက ပိုရသည်။ ကျား၊ မရေးရာကိစ္စများ၌ တန်းတူ အခွင့်အရေးအနည်းအကျဉ်းရှိပါသည်။ အမျိုးသားများက အလုပ်ကြမ်းများကို လုပ်ကိုင်ကြပြီး

အမျိုးသမီးများက မိသားစုအိမ်တွင်း အလုပ်ကို ပိုမိုလုပ်ကိုင်ကြရသည်။**အမျိုးသမီးရေးရာ အဖွဲ့အစည်း နှင့်ပတ်သက်၍ NGOအဖွဲ့အစည်းများမှ ပညာပေးဟောပြောပွဲများ လာရောက်လုပ်ကိုင်ပေးသော်လည်း အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရသူအနည်းငယ်ရှိကြောင်း တွေ့ရသည်။** အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်းကြပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် အနားယူအပန်းဖြေရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာ အစည်းအဝေး ဟောပြောပွဲများပြုလုပ်ရန်နေရာများ၊ သာရေးနာရေးပြုလုပ်ရန်နေရာများ၊ ကျေးရွာ အစည်းအဝေး ဟောပြောပွဲများ ပြုလုပ်ရန်နေရာများ မရှိသောကြောင့် မဏ္ဍပ် များ စျေးကြီးပေးပြီး ငှားရမ်းသုံးစွဲကြရပါသည်။ လူငယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်း၊ လူမှုရေး ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ပေးပါသည်။ ရှမ်းရိုးရာဓလေ့များ ထိန်းသိမ်းခြင်း၊ ရှမ်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်မှုများတွင် တက်ကြွစွာပါဝင်မှုများလည်း ရှိပါသည်။ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲနှင့် ရပ်ရွာပွဲများတွင် လူငယ်များသည် တိုးနယားအကများ၊ ရှမ်းယဉ်ကျေးမှုအကများဖြင့် ကပြ ဖျော်ဖြေလေ့ ရှိပါသည်။ သင်ယူလေ့လာနိုင်ရန် စိတ်ဝင်စားစရာများနေရာ၊ လူငယ်ရိပ်သာ၊ စာကြည့်တိုက် များမရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်မတို့ကျေးရွာတွင် **ဆက်သွယ်ရေးအဆင်ပြေချောမွေ့သော်လည်း ကျေးလက်ဒေသဖြစ်သည် နှင့် အညီ အာမခံဝန်ဆောင်မှု မရှိခြင်း၊ သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအစဉ်အရ ပညာပေး ဟောပြောပွဲများ ပြုလုပ်နိုင်သော်လည်း လက်တွေ့လုပ်ဆောင်မှုအားနည်းခြင်း၊ မှုခင်းကာကွယ် တားဆီးရေး အတွက် အစိုးရ ရဲဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးခြင်း မရှိသော်လည်း၊ ဒေသခံ ပြည်သူ့စစ်တပ်ဖွဲ့များမှ တက်အားသရွေ့ ကူညီလုပ်ဆောင်မှုပေးကြောင်း တွေ့ရှိပါသည်။ လူကုန်ကူးမှု ဖြစ်စဉ်နှင့်ပတ်သက်၍ မရှိသော်လည်း ၎င်းအခြေအနေဖြစ်ပေါ် လာနိုင်သည့် တရုတ်ပြည်သို့ အိမ်ဖော်၊ ကလေးထိန်းသွားရောက်လုပ်ကိုင်သူများ ရှိပါသည်။ ခိုးယူမှုနှင့် ပတ်သက်၍ မူးယစ် ဆေးသုံးစွဲသူ များပြားသဖြင့် ခိုးယူမှုပြဿနာများ ဖြစ်လာနိုင်ပါသည်။ အကြမ်းဖက်မှုအား တင်ပြ ရလျှင် မူးယစ်အန္တရာယ်ကြောင့် အိမ်တွင်းအမျိုးသမီးနှင့် ကလေးသူငယ်များ အကြမ်းဖက်မှု ခံနေရ ကြောင်း တွေ့ရှိရပါသည်။**မူးယစ်ဆေးဝါးများ အလွယ်တကူဝယ်ယူသုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါး အနည်းငယ်ရှိပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	ဂါလံ(၅၀၀)ဆန့် ရေစုကန်တည်ဆောက်ခြင်း	၁	✔				
၂	ရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း	၂		✔			
၃	စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း	၃			✔		
၄	မွေးမြူရေးအသိပညာပေးဟောပြောပွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း	၄				✔	
၅	ကျန်းမာရေးအသိပညာပေးသင်တန်း	၅					✔

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ဂျာယန်ကျေးရွာ
ကျေးရွာအုပ်စု	- ဟိုခိုကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည်	-
အများသုံး(၅)ခန်းတွဲရေလောင်းအိမ်သာ(၂)လုံးနှင့်မိလ္လာကန်(၂)ကန်တည်ဆောက်ခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ လက်ရှိအခြေအနေ၌ **အိမ်သာမရှိသူ အိမ်ထောင်စုများလည်း တွေ့ရသေးသဖြင့် ကျန်းမာရေးပြဿနာ အနည်းငယ်ရှိနိုင်ကြောင်း တွေ့ရသည်။**	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) • သန့်ရှင်းသောရေလောင်းအိမ်သာများ ရရှိပါက ကျန်းမာရေးများကောင်းမွန်လာပြီး အိမ်သာများလည်း လုံလုံလောက်လောက်သုံးစွဲနိုင်မည်ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) • အိမ်သာများလည်း လုံလုံလောက်လောက်သုံးစွဲနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) အများသုံး(၅)ခန်းတွဲရေလောင်းအိမ်သာ(၂)လုံးနှင့်မိလ္လာကန်(၂)ကန်တည်ဆောက်ခြင်း (၂၁'×၆'-၆" ×၂')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၈၅၀၀၀၀၀ (ငွေသား) • ၇၂၀၀၀၀ (ငွေသား) • ၉၂၂၀၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၅၆	၁၇၅	၃၃၁	၇	၅	၁၈	၃၀	၆၀
အကျိုးခံစားမည့် ဦးရေ	၁၅၆	၁၇၅	၃၃၁	၇	၅	၁၈	၃၀	၆၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) ဂျာယန်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) ၂၁.၄.၂၀၂၀
(၃) စီမံချက် ပြီးစီးမည့်အချိန် ၁၆.၈.၂၀၂၀
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည်တည်တံ့ခိုင်မြဲ အောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ဂျာယန်ကျေးရွာ
ကျေးရွာအုပ်စု	- ဟိုခိုကျေးရွာအုပ်စု
မြို့နယ်	- လားရှိုးမြို့
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်း(မြောက်)
စီမံချက်အမည် -	**ဂါလံ(၂၀၀၀)ဆန့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
လက်ရှိအခြေအနေ၌ **ရေလုံလောက်မှုမရှိသောကြောင့် ရေစုကန်တည်ဆောက်လိုခြင်း**	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်)	
• ရေကိုသိုလှောင်ထားနိုင်သောကြောင့် လုံလောက်စွာအသုံးပြုနိုင်မည်ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)	
• ရေစုကန်တည်ဆောက်ပေးခြင်းအားဖြင့် သန့်ရှင်းသော ရေကိုသောက်သုံးနိုင်ခြင်း၊ ရာသီမရွေးတစ်နှစ်ပတ်လုံး ရေကိုလုံလောက်စွာအသုံးပြုနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)	
- ဂါလံ(၂၀၀၀)ဆန့် ရေကန်တည်ဆောက်ခြင်းလုပ်ငန်း (၁၂'×၆'×၅')	
ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၅၀၀၀၀၀ (ငွေသား) • ၃၀၀၀၀၀ (ငွေသား) • ၁၈၀၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

နောက်ဆက်တွဲ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၅၆	၁၇၅	၃၃၁	၇	၅	၁၈	၃၀	၆၀
အကျိုးခံစားမည့် ဦးရေ	၁၅၆	၁၇၅	၃၃၁	၇	၅	၁၈	၃၀	၆၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

ကျာယန်ကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)

၂၁.၄.၂၀၂၀

(၃) စီမံချက် ပြီးစီးမည့်အချိန်

၁၆.၈.၂၀၂၀

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်

ကျေးရွာသူ/ သားများမှ အလှည့်ကျ လုပ်ငန်းပြီးမြောက်သည်အထိ လုပ်အားပေးကြပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ရွာသူရွာသားများနှင့်တကွ ရေရှည်တည်တံ့ခိုင်မြဲ အောင် ပြုပြင်ထိန်းသိမ်းသွားပါမည်။

ဂျာယန်ကျေးရွာ၊ ဟိုခိုကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဟောင်းခေါင်	ဦးခေါင်ဟောင်း	၁၃/လရန(နိုင်)၁၁၃၁၉၅	၅၇	ဥက္ကဋ္ဌ	
၂	ဦးဇေလွမ်း	ဦးလွမ်းဇေ	ပျောက်ဆုံး	၅၆	ဒု-ဥက္ကဋ္ဌ	၀၉–၇၇၃၁၉၄၇၃
၃	ဦးနှုတ်ခမ်း	ဦးဇန်းဘောမ်	၁၃/လရန(နိုင်)၁၁၄၀၇၁၀	၃၀	အတွင်းရေးမှူး	၀၉–၇၇၁၇၄၆၄၈၁
၄	မမာမိုင်	ဦးတူးဂျာ	၁၃/လရန(နိုင်)၁၈၀၇၄၃	၂၆	တွဲဖက်အတွင်းရေးမှူး	၀၉–၇၇၄၃၆၃၅၁၇
၅	ဒေါ်ဘောက်ခွမ်	ဦးနော်တောင်	၁၃/တယန(နိုင်)၀၀၉၉၃၈	၅၈	ဘဏ္ဍာရေးမှူး	၀၉–၇၇၃၅၉၆၂၀
၆	မောင်ဒိုင်ဒေါင်	ဦးလွမ်းဒိုင်	၁၃/လရန(နိုင်)၁၈၇၁၂၂	၂၇	စာရင်းကိုင်	၀၉–၇၇၇၆၆၀၂၇၆
၇	ဒေါ်မဆေး	ဦးရှမ်းဂမ်	ပျောက်ဆုံး	၄၈	အဖွဲ့ဝင်	
၈	ဒေါ်မာဆမ်	ဦးခမ်းအောင်	၁၃/လရန(နိုင်)၀၆၆၂၉၇	၄၅	အဖွဲ့ဝင်	
၉	ဦးလမိုင်ဆာမူဇေလ	ဦးလမိုင်လတောင်	၁၃/လရန(နိုင်)၁၃၉၅၀၅	၃၈	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၃	၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၃	၁၁	၂၄
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄	၁၂	၁၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၁	၇	၁၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၃	၁၄၀	၂၆၃
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁	၂	၃
စုစုပေါင်း		၁၅၆	၁၇၅	၃၃၁
စုစုပေါင်း အိမ်ထောင်စု				၆၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အလုပ်လုပ်နိုင်သည့်အရွယ် များပြားကြောင်းတွေ့ရသော်လည်း အလုပ်အကိုင် အခွင့်အလမ်းများ မရှိသောကြောင့် အလုပ်လက်မဲ့များသည်။ ထို့ကြောင့်ရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများ စီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသို့ ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်လက်မဲ့လျော့နည်းလာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				
	ကိုယ်ပိုင် လုပ်ငန်း	၄၂	၄၇		မြင့် □လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၈	၈		မြင့် □လတ်☑နိမ့်□
၂	တိရစ္ဆာန် မွေးမြူရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့် □လတ်□နိမ့်□
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၂	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း			၁	မြင့်□လတ်□နိမ့်☑
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၁	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၄	၂	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း			၄	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း			၇	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				မြင့်□လတ်□နိမ့်□
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း				☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"** တွင်ရပ်တည်နိုင်မှု" **မြင့်** " ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူမိသားစုများပါသည်။ အခြားကိုယ်ပိုင်လုပ်ငန်း မဟုတ်သော အငှားလုပ်သား လုပ်ဆောင်သူများလည်း တွေ့ရှိရပါသည်။ ခြုံငုံပြီး သုံးသပ်ရလျှင် ဝင်ငွေ အသင့်အတင့်သာရှိကြောင်း တွေ့ရပါသည်။ ပြင်ပအဖွဲ့အစည်းနှင့် ကုမ္ပဏီ များတွင် လုပ်ကိုင်သူမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၃၀၀၀	၄၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၈၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ တစ်နိုင်တစ်ပိုင် လယ်ယာလုပ်ကိုင်သူများ၊ နေ့စားလုပ်ကိုင်သူများ၏ လုပ်ခလစာမှာ အလွန်နည်းကြောင်း တွေ့ရှိရပါသည်။ များသောအားဖြင့် အမျိုးသမီး လုပ်အားခကို မိသားစုစားဝတ်နေရေးအတွက် အသုံးပြုနိုင်သောကြောင့် ကျား၊ မ အခွင့်အလမ်း တန်းတူရရှိဖို့ရန်အတွက် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ ရစေမည့် သင်တန်းများ များများပို့ချပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၁	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၂	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၁	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်၊ တောင်ယာလုပ်ကိုင်သူ အနည်းငယ်သာရှိကြောင်း တွေ့ရပါသည်။ ဥယျာဉ်၊ ကိုင်း၊ ကျွန်း လုပ်ဆောင်ခြင်း မရှိပါ။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☑ နည်း☐ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျောက်တောင်၊ ဖြုံးတောင်များရှိခြင်း။ ကျောက်၊ ဖြုံးများရှိသော်လည်း အသုံးပြုရန်အတွက် ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် ကား၊ ထော်လာဂျီပိုင်ဆိုင်သော အိမ်ထောင်စု နည်းပါးခြင်းကြောင့် သယ်ယူအသုံးပြုနိုင်ခြင်း မရှိပါ။ ရွာတွင် မနီးမဝေးမှ ကျောက်၊ ဖြုံးများကို သယ်ယူ အသုံးပြုကြသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၇	၅	၁၈	၃၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အဆင်ပြေသော အိမ်ထောင်စုများသည် ရွာတွင် အုတ်လုပ်ငန်းများနှင့် အခြားစီးပွားရေးအဖြစ် ကုန်စုံဆိုင်များ ဖွင့်ထားကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် လယ်၊ တောင်ယာ အဓိကလုပ်ကိုင်ကြပြီး (၅)ရက်တစ်ဈေး ဈေးနေ့တွင် ခြံထွက်သီးနှံများ ရောင်းကြသည်။ မပြေလည်သောအိမ်ထောင်စုများသည် တောင်ယာကို အဓိကလုပ်ကိုင်ပြီး နေ့စားအငှား လိုက်ကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ကြံရာကျပန်းအလုပ်များ လုပ်ကိုင်ကြသည်။ အဓိက ပြဿနာမှာ ရွာတွင် မူးယစ်သားကောင် ပေါများခြင်း၊ အသိပညာဗဟုသုတ နည်းပါးခြင်း၊ ငွေကြေး ခက်ခဲခြင်း၊ အလုပ်ကိုင်အခွင့်လမ်း မရှိခြင်းကြောင့် ဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအ ရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
		ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆင်းရဲပြီး အမျိုးသမီးဦးဆောင်ရသော အိမ်ထောင်စုများမှာ အသိပညာ၊ အတတ်ပညာနည်းပါးခြင်း၊ လက်မှုပညာများ မတတ်သောကြောင့် ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်ကြပြီး မိသားစုစားဝတ်နေရေး အတွက် အတတ်နိုင်ဆုံး တာဝန်ယူဖြေရှင်းကြရကြောင်း လေ့လာတွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် ☑နိမ့်□မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ် □နိမ့်□မရှိ ☑
၃	ရေကြီးခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် ☑နိမ့်□မရှိ □
၆	မုန်တိုင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ငလျင်	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မီးဘေး	မြင့် □လတ် □နိမ့်□မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် □နိမ့်☑မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑လတ် □နိမ့်□မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □လတ် □နိမ့်☑မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်□မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် ☑နိမ့်□မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☑လတ် □နိမ့်□မရှိ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးကြောင်းတွေ့ရှိရပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါ အဖြစ်များသည်။ ဆောင်းကုန်နွေဦးကာလတွင် တိရစ္ဆာန်ရောဂါကူးစက်ခံမှု များသည်။ မိုးရာသီတွင် အဆင်မပြေသော အိမ်ထောင်စုများသည် ကြိုတင်လုပ်အားခယူခြင်းဖြင့် ဝမ်းရေး ပြဿနာကို ဖြေရှင်းလေ့ရှိကြသည်။ နွေဦးကာလရောက်လျှင် အချို့မပြေလည်သော အိမ်ထောင်စုများသည် ထင်းခုတ်ရောင်းချခြင်း၊ မီးသွေးဖုတ်ရောင်းလေ့ရှိကြသည်။ ဤသို့လုပ်ကိုင်ခြင်းကြောင့် သစ်တော ပြုန်းတီးမှု အနည်းငယ်ရှိသည်။ အချို့သောနေရာများတွင် ကြိုးဝိုင်း၊ ထင်းမခုတ်ရနေရာများ သတ်မှတ် ထားသော နေရာများတွင် ခုတ်လေ့ မရှိကြပေ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်☑မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် □နိမ့်☑မရှိ □
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □လတ် □နိမ့်☑မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် □နိမ့်☑မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် □နိမ့်☑မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်☑မရှိ □
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်☑မရှိ □
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်☑မရှိ □

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်☑မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လုပ်ကိုင်သည့်လုပ်ငန်း၊ နေထိုင်သည့်ဒေသနှင့်ပတ်သက်၍ ထိခိုက်မှုအန္တရာယ် နည်းပါးကြောင်း တွေ့ရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	K.D.A ပြည်သူ့စစ်	၁□ ၂☑ ၃□	၁၀		၁၀	ပညာရေး□ဝွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း □ သင့် ☑ ညံ့ □
၂	အုပ်ချုပ်ရေးအဖွဲ့	၁□ ၂☑ ၃□	၅	၂	၇	ပညာရေး□ဝွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ကောင်း ☑ သင့် □ ညံ့ □
၃	လူငယ်အဖွဲ့	၁□ ၂☑ ၃□	၁၀	၅	၁၅	ပညာရေး□ဝွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ☑ ညံ့ □
